www.burmeseclassic.com



"ကောင်မလေး နင် သိပ်လှူပါး၀နော်၊ အလိုလိုက်ထားလို့ သောင်းကျန်းနေတာလား"

"ပေးလိုက်စမ်းပါ သူရရာ၊ ဒီကောင်မလေးလက်ထဲ မာလကာသီးရောက်မှ အေးမဲ့ဟာ"

"မင်းတို့တတွေ ပေးလိုက်ပါလား"

ဝဏ္ဏာနဲ့ဗလ ငြိမ်သွားသည်။ ခဏနေမှ....

"ငါတို့ဆီကမှ မတောင်းဘဲကွ"

သူရ ဒေါပွပွဖြင့် သူ့ခါးပုံစထဲမှ မာလကာသီး ပွပွကြီး တစ်လုံးကို ထုတ်ကာ အောက်မှစောင့်နေသော မေသူ့ခေါင်းပေါ် တည့်တည့် ပစ်ချလိုက်သည်။

"ဒေါက်"

"အား"

မေသူ့ရဲ့ ခုနစ်သံချီ အော်ဟစ်ငိုယိုသံက တစ်ခြံလုံးကို ဖုံးလွှမ်းသွားပါတော့သည်။

သူရ မျက်လုံးပြူးသွားသလို ဝဏ္ဏာရော ဗလပါ မာလကာပင် ပေါ်မှ ပြေးဆင်းလာကြသည်။

"သူရက လုပ်လိုက်ရင် အရမ်းပဲ၊ အဖေတော့ ဆူတော့မှာပဲ"

သူရ မာလကာပင်ပေါ်မှ ခုန်ချကာ မေသူ့ပါးစပ်ကို ပိတ်ရသည်။ မပိတ်ရင်မလွယ်၊ အဖေက မေသူ့ငိုသံကြားသည်နှင့် ဘာဘာညာညာ မေးမည်မဟုတ် သူတို့သုံးယောက်လုံး အချခံရမှာ သေချာနေသည်။





ဒါကြောင့် မေသူ့ပါးစပ်ကို ပိတ်ရင်း ချော့လိုက်ရသည်။

"ရော့ ရော့ ကောင်မလေး၊ ဒီမာလကာသီးတွေယူ [illegible]တာ"

သူ ခူးထားသော မာလကာသီးတွေ မေသူ့လက်ထဲ ရောက် [illegible]ပြီ ဒါတောင် မေသူ အငိုမတိတ်သေး....

ဗလ ရှေ့တိုးလာရင်း....

"တိတ် တိတ် ညီမလေး၊ ရော့ ရော့ ဒါ နင့်အတွက် ငါ [illegible]လာတာ"

ဝဏ္ဏာကလည်း ပွပွတစ်လုံး ပေးလိုက်မှ မေသူ အငိုတိတ် [illegible]သွားသည်။

ခုမှပဲ ညီအစ်ကို သုံးယောက်လုံး သက်ပြင်းကို ဟင်းခနဲ [illegible]နိုင်တော့သည်။

သူရ မေသူ့ကိုကြည့်ရင်း ဒေါပွ စိတ်တိုကာ မျက်နှာကြီးက [illegible]နေလေသည်။

တကတည်း ကိုယ်စားချင်၍ အပင်ပန်းခံကာ ခူးထားသော [illegible]လကာသီးအားလုံးက ခုတော့ သူ့ဆီမှာ....

မေသူ သူရကို မျက်စောင်းထိုးကြည့်လိုက်မိသည်။

"ဘာလဲ ထပ်မငိုလို့၊ မကျေနပ်သေးတာလား၊ ငါ [illegible] [illegible]တ်မှာနော်"

"ငါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူရဲ ခေါင်းပွကာ ရှုးရှုးရှဲရှဲနှင့် အိမ်ပေါ်တက်သွားလေပြီ။

သည့်တော့မှ မေသူ အားရပါးရ အော်ရယ်ပစ်လိုက်သည်။ ကဲ ဘာတတ်နိုင်သေးလဲ....

အကယ်တော့ မာလကာသီးခေါင်းပေါ်ကျတာ သိပ်မနာပါ။ တမင်သက်သက် နာဟန်ဆောင်ပြီး တပြုံနှစ်ပြုံပြုံတော့မှ သူရဲဆီက မာလကာသီးတွေ ရသည်။ ဒါတင်မကသေး ဗလနဲ့ ဝဏ္ဏဆီကပါ ရလာတော့ မေသူ့လက်ထဲ မာလကာသီးတွေ အများကြီး ဖြစ်နေသည်။

မေသူ သူဝတ်ထားသော ရှပ်အင်္ကျီပွပွကြီး၏ အနားကို လှန်ကာ မာလကာသီးတွေ ထည့်လိုက်သည်။ အားလုံး ခြောက်လုံး တိတိ...

"ဟိ ဟိ"

မေသူ သဘောကျကာ ရယ်လိုက်ပြီး မာလကာသီးတွေ အောက်ခထားချကာ လုံချည်ကို တိုတိုပြန်ဝတ်လိုက်သည်။ နောက် မာလကာသီးတွေယူကာ မာလကာပင်ပေါ် တက်လိုက်သည်။ မာလကာပင်၏ ခွကြားတွင်ထိုင်ကာ အကျစားသည်။

ဖုန်ဖပေနေသော မာလကာသီးကို ရှပ်အင်္ကျီစနဲ့ သုတ်စား လိုက်နှင့် မေသူအဖြစ်က မျောက်မလေးတစ်ကောင် အလားပါ။ ကျန်တော့လည်း မေသူ အေးအေးမနေ မာလကာပင်ပေါ်မှ တစ်ခြံလုံး ကို လျှောက်ကြည့်နေမိပြန်သည်။





မာလကာပင်ပေါ်မှ ကြည့်လျှင် တစ်ခြံလုံးကို အပေါ်စီးအနေ ...င့် မြင်ရလေသည်။

မေသူတို့ခြံက လေးထောင့်စပ်စပ်ဖြစ်သည်။ တစ်ဝက်ကို ...သူတို့ အိမ်နဲ့ခြံ ယူထားပြီး ကျန်တစ်ဝက်ကို လမ်းမဘက် မျက်နှာ ...ကာ အိမ်ငှားတွေအတွက် အိမ်ဆောက်ပြီး ငှားထားသည်။

အိမ်ငှားသမားများက တရုတ်ကော၊ ကုလားကော၊ မြန်မာပါ ...မျိုးစုံသည်။

မေသူ မာလကာပင်ခွကြားမှထိုင်ကာ မျက်လုံးပြူးလေးနဲ့ ...အိမ်စီ လျှောက်ကြည့်နေမိသည်။ နောက်ဖေးတွင် ဘယ်သူမှမရှိ ...။

"ဟော"

မေသူ ကြည့်နေသဲ တိုရှည်ဆိုင်မှ ကုလားကြီးထွက်လာပါပြီ။ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဘာလုပ်မလို့ပါလိမ့်။ ဩော် ပဲကြိတ်မလို့ ...က် တိုရှည်ရောင်းရန်အတွက် ပဲကြိတ်မလို့။

မေသူ မာလကာပင်ပေါ်မှ မာလကာသီးကင်း မာမာလေးတစ်လုံး ...ကာ ကုလားကြီးဆီ လှမ်းပစ်လိုက်သည်။ နောက် မာလကာရွက် ...ထဲ ကိုယ်ကိုပုကာ ပုန်းနေလိုက်မိသည်။

မာလကာသီးကင်းလေးက ကုလားကြီးခေါင်းပေါ် တည့်တည့် ...သွားသည်။ ကုလားကြီးခေါင်းကိုပွတ်ကာ ဟိုကြည့်ဒီကြည့် ...နေလေသည်။ နောက် ပဲကို ဆက်ကြိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၅]

မနေ့ကအဆက်ကို သည်နေ့နွဲရန် အားခဲထားသည်မို့ မနက် ကြိုတင်ပြင်ဆင်ကာ ရုပ်အင်္ကျီအိတ်ထဲမှ မုန့်လေးထောင့်စပ်စပ်ကို ထည့်ထားပါသည်။

အခုတော့ နေကလည်း မာလကာပင်ဆီကို ရှုးရှူးရှရှ ရောက်လာပြီမို့ လုပ်ငန်းစရတော့မည်။ ပထမဆုံးက ကိုဘွန်ကိုတို့ ရှုတ်အိမ်....

အိမ်ရှေ့ လက်ဖက်ရည်ဆိုင်ဖွင့်ထားတာမို့ နောက်ဖေးတွင် ရှင်းနေလေသည်။

ကိုဘွန်ကိုအမေ တစ်ယောက်တည်း ဟင်းချက်နေသည်။

ခဏကြာတော့ ဟင်းအိုးကျက်ပြီး ယင်းဟင်းအိုးကို ကြောင် ထဲထည့်ရန် ပြင်နေလေသည်။

မေသူ့ မုန့်ကိုချိန်ကာ အဘွားကြီးမျက်လုံးတည့်တည့်ကို ထည့်လိုက်သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၂]

"ဒီမှာ ဒီမှာ"

မေသူ မနိုးပါ။

အိပ်မက်ထဲမှာ ဝဏ္ဏာနဲ့ ရန်ဆက်ဖြစ်နေသည်။ ကိုဗလက အားကအော်နေသည်။

အေးဗစ်ချွန်းနဲ့ တီလုံးတဲ့။

အေးဗစ်လည်း မချွန်းဘူး။ တီလည်း မလုံးချင်ဘူး.....

မေသူက မေသူ၊ ကိုဝဏ္ဏာက ကိုဝဏ္ဏာပေါ့.....

တစ်ချီမှာ မေသူလက်ထဲရှိတုတ်က ကိုဝဏ္ဏာရဲ့လက်ဖျံထိသွား ကိုဝဏ္ဏာလက်မှတုတ် လွတ်ကျကာ ကိုဝဏ္ဏာ ရှုံးသွားသည်။

ဟားဟား မိန်းကလေးဆိုပြီး အထင်သေးလို့ရမလား၊ သူတဲ့ တစ်သူထဲရှိတယ်။

ကိုဝဏ္ဏာရှေ့မှာ ဟန်ပါပါရပ်ကာ ကိုဝဏ္ဏာကို စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလည်း အရှုံးပေးပြီလား"

ကြေးနန်းကောင်တာဆီထိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်လာခဲ့မိသည်။

ဘောလုံးကွင်းထဲ ဝဏ္ဏကို လိုက်ရှာသည်။ ဘောလုံးကွင်းထဲတွင် သူရနဲ့ ဗလကလွဲ၍ ဝဏ္ဏကို မတွေ့ရပါ။

ဝဏ္ဏတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေလေတော့ မေသူ့ မျက်နှာမဲ့လာသည်။

ဒါဆို သူ ဘယ်ပျောက်သွားလေသနည်း။

မေသူ့ခေါင်းထဲ အကြံတစ်ချက် ဝင်းလက်၍လာသည်။

ဟုတ်ပါပြီ၊ မေသူ့ပိုက်ဆံနှင့် ဝဏ္ဏတစ်ယောက် သူ့ရဲ့ချစ်ရ အိအိလွှင်ကို လက်ဆောင်ဝယ်ပေးမှာ သေချာနေသည်။

တွေးရင်းတွေးရင်း မေသူ့မျက်နှာလေး နီရဲသထက် နီရဲလာကာ ဒေါပွသထက်လည်း ဒေါပွလာမိသည်။

ဒေါပွပွနှင့် အိမ်ဘက်ကို ချိုးကွေ့လိုက်မိသည်။

အိမ်ရောက်လျှင် အဖေနှင့်ကို တိုင်ပြောလိုက်မည်။ ဝဏ္ဏ[illegible]င်းကို လူလည်သိပ်လုပ်သည်။

အဖေ့ကို တုတ်ကြီးကြီးနဲ့ကို ချခိုင်းမည်အတွေးနှင့် ခေါင်း ကာလျှောက်လာသော မေသူ သူ့ရှေ့တည့်တည့်တွင် ရပ်လာသော လူတစ်ယောက်ကြောင့် လန့်ဖြန့်ကာ ခြေလှမ်းကတုန့်သွားသည်။

နောက် နေရာမှ လှစ်ခနဲပြေးရန် ဟန်အပြင် လွှင်မောင်ပြောင်းပြီး မေသူ့လက်ကို လှမ်းဆွဲလိုက်မိသည်။

"ဘယ်သွားမလို့လဲ"





"လွှတ်"

မေသူ အရုန်း....

"လာခဲ့ မင်းကို ပြောစရာတွေရှိလို့"

"လွှတ်ဆို"

မေသူ လွှင်မောင့်လက်ထဲမှာ ယက်ကန်ယက်ကန်နှင့် ပါလာခဲ့သည်။

"ခု မင်းဘယ်က ပြန်လာတာလဲ"

မေသူ ဘောလုံးကွင်းကို လက်ညှိုးထိုးပြလိုက်သည်။

"သူရတို့ဆီက"

"ဘယ်သူလဲ သူရဆိုတာ"

"ကျွန်တော့်အစ်ကို"

"အစ်ကိုကို ဒီလိုပဲ ခေါ်ရသလား။ ကိုယ့်ထက်ကြီးတဲ့သူဆို 'ကို' တပ်ခေါ်ရတယ်ဆိုတာ မသိဘူးလား"

"သိသားပဲ"

မေသူ မဖြေချင် ဖြေချင်ပုံစံဖြင့် ဖြေလိုက်မိသည်။

"ဒါဖြင့် ဘာလို့မခေါ်တာလဲ"

"ငယ်ငယ်လေးတည်းက ဒီအတိုင်းခေါ်လာတော့ ခုမှ မခေါ်ချင်တော့ပါဘူး"

"အင်း တော်တော်ကောင်းတဲ့ အဖြေပဲ"

လွှင်မောင် မေသူ့မျက်နှာကို စိုက်ကြည့်ကာ …ိုက်



www.burmeseclassic.com

